# SBS ၏ သတ်မှတ်ချက်စံများ



SBS သည် သီးသန့်လွတ်လပ်သည့် အများပြည်သူပိုင် ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် ဒီဂျစ်တယ်မီဒီယာဌာနဖြစ်ပြီး <u>ကျွန်ုပ်တို့၏ ပဋိညာဉ်စာတမ်း</u>တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဩစတြေးလျံလူမှုအသိုင်းအဝိုင်းကို အကျိုးပြုရန် တာဝန်ရှိပါသည်။ ကျွန်ုပ်တို့သည် အစိုးရ၏ ငွေကြေးထောက်ပံ့မှုနှင့် ကြော်ငြာကဲ့သို့သော ငွေကြေးရရှိစေသည့် လုပ်ငန်းများဖြင့် လည်ပတ်လျက် ရှိပါတယ်။

ကျွန်ုပ်တို့၏ ကွန်ယက်တလျှောက်တွင် တမူထူးခြားသည့် ဩစတြေးလျံအကြောင်း ပြောဆိုချက်များ၊ ဒေသဆိုင်ရာနှင့် နိုင်ငံတကာ သတင်းနှင့် မျက်မှောက်ရေးရာအကြောင်း၊ အားကစား၊ နိုင်ငံတကာ ဇာတ်ကားများနှင့် သတင်းမှတ်တမ်းတင်ဆောင်းပါးများ၊ အစားအသောက်နှင့် ရုပ်ရှင်များအပြင် ဘာသာစကား အမျိုးပေါင်း ၆၀ ကျော်ဖြင့် ဒေသဆိုင်ရာ ရေဒီယို လုပ်ငန်းများဖြစ် ဝန်ဆောင်မှု ပေးလျက် ရှိပါသည်။ ကျွန်ုပ်တို့သည် National Indigenous Television (NITV) နှင့် ဌာနေတိုင်းရင်းသားများ ပြောပြသည့် ဌာနေတိုင်းရင်းသားများ၏ အကြောင်းကို အဓိက တင်ဆက်ရာ နေရာလည်း ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ တင်ပြချက်များသည် အများပြည်သူ ထင်မှတ်မျှော်လင့်သလို ဖြစ်လာစေရန်အတွက် SBS ၏ သတ်မှတ်ချက်စံ ထားရှိပြီး သင့်အနေဖြင့် ရုပ်မြင်သံကြား၊ ရေဒီယို၊ အွန်လိုင်း သို့မဟုတ် ဆိုရှယ်မီဒီယာစသည့် နေရာပေါင်းစုံများတွင် ကြည့်ရှုနားဆင်ဖတ်ကြားသည့်အရာများကို ချမှတ်ထားသည့် စည်းမျဉ်းနှင့် စံနှုန်းအတိုင်း လုပ်ဆောင်ထားပါသည်။

သတ်မှတ်ချက်စံတွင် ဤကဲ့သို့ အရေးပါသော စံများကို ကာမိအောင် ထည့်သွင်းစဉ်းစားထားပါသည်။

## ယုံကြည်စိတ်ချမှု

### ကျွန်ုပ်တို့အနေဖြင့်ယုံကြည်စိတ်ချရပြီးသက်ဆိုင်ဆက်စပ်မှုရှိသည့် အကြောင်းအရာများအား မည်သို့ တင်ဆက်သနည်း။

- ကျွန်ုပ်တို့ တင်ပြမည့် အကြောင်းအရာများအား ကျွန်ုပ်တို့ လွတ်လပ်စွာ ကိုယ်ပိုင်ဆုံးဖြတ်ချက်ချပြီး လုပ်ဆောင်ခြင်း
- ကျွန်ုပ်တို့၏ သတင်း၊ မျက်မှောက်ရေးရာအကြောင်းအရာများသည် မှန်ကန်၊ မျှတပြီး ဘက်မလိုက်သလို အများပြည်သူအတွက် အရေးပါသော အကြောင်းအရာများ ဖြစ်ခြင်း
- အမြင်သဘောထားပေါင်းစုံ၊ ရှုထောင့်ပေါင်းစုံကို ရင်ဝယ်ပိုက်၍ ကျွန်ုပ်တို့၏ တင်ပြချက်များသည် တမူထူးခြားပြီး စိန်ခေါ်မှုဖြစ်စေနိုင်သလို အငြင်းပွားဖွယ်ရာနှင့် စေ့ဆော်နှိုးဆွပေးစေရာမျိုးလည်း ဖြစ်နိုင်ပါသည်။

## ပွင့်လင်းမြင်သာမှု ရှိခြင်း

### သင့်ရွေးချယ်စရာများအား ကျွန်ုပ်တို့ မည်သို့ ကူညီလမ်းညွှန်ပေးသနည်း

- ကျွန်ုပ်တို့အနေဖြင့် အချက်အလက်များကိုပေးပါသည် ထိုမှသာလျှင် သင့်အနေဖြင့် သင်နှင့် သင်၏ သား၊ သမီးနှင့် သင့်အုပ်ထိန်းမှုအောက်တွင်ရှိသည့် လူငယ်များအတွက် သင့်တော်မှန်ကန်ရာ အကြောင်းအရာကို ရွေးချယ်နိုင်မှာဖြစ်ပါသည်။
- ကြော်ငြာများသည် ကျွန်ုပ်တို့၏ တင်ဆက်မှုနှင့် ကွဲကွဲပြားပြားဖြစ်အောင် လုပ်ဆောင်ထားပြီး မည်ကဲ့သို့သော ကြော်ငြာကိုသာ ထည့်သွင်းကြော်ငြာမည် ဆိုသည့် စည်းမျဉ်းစည်းကမ်းနှင့် ထည့်သွင့်မှုများကို ချမှတ်ထားပါသည်။
- စိတ်ကသိကအောက် ဖြစ်ဖွယ်ရာ အကြောင်းအရာများ၊ ကြည့်ရှုနားဆင်နိုင်သည့် ပရိသတ်များ၏ အနေအထားနှင့် ထိလွယ်ရှလွယ်ရှိမှုတွေအပေါ် မူတည်ပြီး ချိန်ခါသင့်လျှင် ကြိုတင်သတိပေးချက်များ ထည့်သွင်းခြင်းလုပ်ဆောင်သလို အယ်ဒီတာပိုင်းဆိုင်ရာ သင့်တော်မှုရှိသည့် အရာများကိုသာ ပြသထုတ်လွှင့်တာမျိုး လုပ်ပါသည်။

## လေးစားဂုရုပြုခြင်း


### လေးစားဂုရုပြုခြင်းကို ကျွန်ုပ်တို့ မည်ကဲ့သို့ လုပ်ဆောင်ကျင့်သုံးပြီး မြင့်တင်မှုလုပ်သနည်း။

- ဘက်လိုက်မှု၊ မလိုမုန်းထားမှု ဖြစ်စေနိုင်သည့် အကြောင်းအရာများ၊ ခွဲခြားဆက်ဆံမှုအပါအဝင် မတရား ပုံသေကားကျပုံစံ သတ်မှတ်တာမျိုး မဖြစ်အောင် ရှောင်ရှားပြီး တင်ပြခြင်း
- အကြောင်းအရာများကို တင်ပြသည့်အခါတွင် အင်္ဂလိပ်ဘာသာစကားအပြင် တခြားဘာသာစကားနှင့်လည်း တင်ပြပြီး အမြင်ရှုထောင့်ပေါင်းစုံဖြင့် ဖော်ထုတ်ကြရန် အားပေးမှုပြုလုပ်ခြင်း
- ဌာနေတိုင်းရင်းသားဆိုင်ရာ အကြောင်းအရာများ တင်ဆက်သည့်အခါတွင် Aboriginal နှင့် Torres Strait Islander လူမျိုးစုများနှင့် ပတ်သက်ပြီး လိုက်နာရန် ရှိးရာ လုပ်ထုံးလုပ်နည်းနှင့် ကျင့်ဝတ် အခြေအနေအရိပ်အကဲကို သိနားလည်ခြင်း ဖြစ်ပါသည်။
- ကျွန်ုပ်တို့သည် လူများ၏ ကိုယ်ရေးလုံခြုံမှုကို ကျွန်ုပ်တို့၏ သတင်းပေးပို့ရေး တာဝန်များနှင့်ထပ်တူ အညီအမျှအလေးထားလျှက် လေးစားဂုရုပြုပါသည်။

## တာဝန်ခံမှု

### ကျွန်ုပ်တို့ မည်ကဲ့သို တာဝန်ခံမှု လုပ်သနည်း

- ကျွန်ုပ်တို့ တင်ပြသည့်အကြောင်းအရာများ၊ ဝန်ဆောင်မှုများနှင့် ပတ်သက်ပြီး ချီးကျူးမှု၊ ဝေဖန် အပြစ်တင်မှုများလုပ်နိုင်ရန် လုပ်ဆောင်ပေးထားခြင်း
- မကျေနပ်ချက်တိုင်တန်းမှုများကို ချမှတ်ထားသည့် စံအရ ကိုင်တွယ်ဖြေရှင်းမှု လုပ်ပေးပြီး စုံစမ်းစစ်ဆေးမှုများကို SBS Ombudsman က သီးသန့်လွတ်လပ်စွာ လုပ်ဆောင်ပေးခြင်း ဖြစ်ပါသည်။




SBS

ပိုမိုလေ့လာရန်
sbs.com.au/aboutus/sbs-code-of-practice